# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏
# ဘဏ္ဍာငွေ အရ–အသုံးဆိုင်ရာ
# ဥပဒေ

# ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ–အသုံးဆိုင်ရာ ဥပဒေ

[၁၉၇၅ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၅]

## နိဒါန်း

၁၉၇၅–၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ရငွေများကို စည်းကြပ်ကောက်ခံရရှိနိုင်ရန်အတွက်လည်းကောင်း၊ သုံးငွေများကို သုံးစွဲနိုင်ရန် အတွက်လည်းကောင်း၊ ဘဏ္ဍာငွေများလိုအပ်လာလျှင် ရှာဖွေဖြည့်တင်းနိုင်ရန် အတွက်လည်းကောင်း ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၅ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင် စေရမည်။

(ခ) ပုဒ်မ ၅ မှ ၉ အထိတွင်ပါရှိသောဝင်ငွေခွန်နှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်နှင့်သက်ဆိုင်သည့် ဝင်ငွေစည်းကြပ်ခြင်း ပြုလုပ်ရမည်ဖြစ်သော ဝင်ငွေ စတင်ရရှိ ဖြစ်ထွန်း ပေါ်ပေါက်သည့် ၁၉၇၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မ ၁၀ တွင်ပါရှိသော ရောင်းဝယ်လုပ်ကိုင်မှုဥပစာခွန်များနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

(ဃ) ပုဒ်မ ၁၁ တွင် ပါရှိသော စာပို့ခနှုန်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များသည် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်ရမည်။

(င) ဤဥပဒေပါ ကျန်ပုဒ်မများသည် ၁၉၇၅-၇၆ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည်ရမည်။

အပိုင်း ၂

# ဘဏ္ဍာရေးပုံငွေ

## အခန်း (၁)

## ပြည်ထောင်စု၏ ဘဏ္ဍာရေးပုံငွေနှင့်နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၏ဘဏ္ဍာရေးပုံငွေ

၂။ (က) ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် တဝန်းလုံး၏ ငွေအဝင်နှင့် အထွက်ကို စာရင်း ပြုစုရန်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာရေးပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

(ခ) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၏ ငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အတွက် နိုင်ငံတော် အာဏာပိုင် အဖွဲ့အစည်းများ၏ ဘဏ္ဍာရေးပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း (၂)

## သီးသန့်ရင်းနှီးငွေ၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန်ငွေ ထုတ်ပေးခြင်း

၃။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည်စီးပွားရေး ဆံဆံလုပ်ကိုင်ရန်အတွက် ဝန်ကြီးအဖွဲ့ထံမှ သီးသန့်ရင်းနှီးငွေ၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန်ငွေကို တောင်းခံယူနိုင်သည်။

(ခ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအား သီးသန့်ရင်းနှီးငွေ၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ရန်ငွေကို သင့်လျော်သည့်စည်းကမ်းချက်များ သတ်မှတ်၍ ထုတ်ပေးနိုင်သည်။ ထို့ပြင် ဝန်ကြီးအဖွဲ့သည် အဆိုပါ လုပ်ကိုင်ဆောင်ရွက်ရန် ငွေထုတ်ပေးရန်အတွက် ပြည်ထောင်စုမြန်မာနိုင်ငံဘဏ်အား တာဝန်ပေးနိုင်သည်။ ယင်းသို့ ထုတ်ပေးသည့် ငွေနှင့်စပ်လျဉ်း၍ သင့်လျော်သည့် စည်းကမ်းချက်များကိုလည်း သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၃

## ရငွေ

### အခန်း (၁)

### ရငွေများ

၄။ (က) နိုင်ငံတော် အာဏာပိုင် အဖွဲ့အစည်းများ၏ ရငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် အောက်ပါဇယား (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံ စည်းကြပ် ကောက်ခံရမည်။

(ခ) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများအတွက် ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား စီမံ စည်းကြပ်ကောက်ခံရန် တာဝန်ပေးထားသည့် ရငွေများကို စီမံ စည်းကြပ်ကောက်ခံရန်မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ဂ) ရငွေများကိုစီမံ စည်းကြပ်ကောက်ခံရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ရငွေ အတွက် ပြဋ္ဌာန်း ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

# အခန်း (၂)

## ဝင်ငွေခွန်

၅။ ဝင်ငွေခွန်ကို ဤဥပဒေ၏ ဇယား (၁) တွင် ဖော်ပြထားသည့် နှုန်းများဖြင့်စည်းကြပ်ရမည်။

၆။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ အခြေခံသက်သာခွင့်ပြုငွေသည် ဝင်ငွေအမျိုးအစားတခုစီ၏ နှစ်ဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေဖြစ်ရမည်။ သို့ရာတွင် ကုမ္ပဏီဖြစ်လျှင် ယင်းအခြေခံသက်သာခွင့်ကို ခံစားခွင့်မရှိစေရ။ ထို့ပြင်တနှစ်အတွက် အခြေခံသက်သာခွင့်ပြုငွေ စုစုပေါင်းသည် ငွေကျပ် ခြောက်ထောင်ထက်မပိုစေရ။

၇။ (က) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ ပုဂ္ဂိုလ်စုမဟုတ်သောအခွန်ထမ်းတဦး၏ ဇနီးအတွက် သက်သာခွင့်ပြုငွေမှာ ကျပ် နှစ်ထောင်ဖြစ်ရမည်။

(ခ) ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ ပုဂ္ဂိုလ်စုမဟုတ်သောအခွန်ထမ်း၏ သားသမီးများအတွက် သက်သာခွင့်ပြုငွေမှာ အောက်ပါအတိုင်းဖြစ်ရမည် —

(၁) အသက် ငါးနှစ်မကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ် လေးရာစီ၊

(၂) အသက် ငါးနှစ်ကျော်၍ ဆယ်နှစ်မကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ်ငါးရာစီ၊

(၃) အသက်ဆယ်နှစ်ကျော်၍တစ်ဆယ့်ငါးနှစ်မကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ် ခြောက်ရာစီ၊

(၄) အသက် တစ်ဆယ့်ငါးနှစ်ကျော်သည့် သားသမီးအတွက် တဦးလျှင် ငွေကျပ်ရှစ်ရာစီ။

၈။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(ခ)အရ၊ အခြား သက်သာခွင့်များနှင့်စပ်လျဉ်း၍ သက်သာခွင့်ပြုငွေမှာ သက်ဆိုင်ရာ ဝင်ငွေနှစ်အတွင်းအမှန် ပေးသွင်းသည့်ငွေအားလုံးဖြစ်ရမည်။

၉။ ဤအခန်းနှင့် ဤဥပဒေ၏ ဇယား (၁) ပါ စကားရပ်များ၏ အဓိပ္ပါယ်သည် ဝင်ငွေခွန်ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း ဖြစ်စေရမည်။

## အခန်း (၃)

## ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန်

၁၀။ ၁၉၅၆ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု ဥပစာခွန် အက်ဥပဒေသည် ယင်းအက်ဥပဒေ ပုဒ်မ ၃ တွင် အောက်ပါပြင်ဆင်ချက်များကို ပြုလုပ်ထားဘိသကဲ့သို့ အာဏာတည်စေရမည်—

(က) ပုဒ်မခွဲ(၁)၏ နောက်၌ အောက်ပါကို ခြွင်းချက်အဖြစ် ထည့်သွင်းရမည်—

"သို့ရာတွင် ၁၉၇၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၉၇၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ အထိ ကာလအတွက် ပေးဆောင်ရမည့် အခွန်သည် ယင်းကာလအတွက် ကျသင့်သည့် ငှါးရမ်းခပေါင်း ကျပ် ၃၀၀ ကျော်လျှင် ယင်းအပေါ် ပူးတွဲပါရှိသော ဇယားအပိုင်း ၁ ပါ နှုန်းဖြင့်တွက်ချက်ရသော အခွန်ဖြစ်ရမည်။"

(ခ) ပုဒ်မခွဲ(၂) အစား အောက်ပါကို ပုဒ်မခွဲ (၂) အဖြစ် ထည့်သွင်းရမည်—

"(၂) ရောင်းဝယ်လုပ်ကိုင်မှုဥပစာတခုခု၏ 'တနှစ်အတွက်ငှါးခ' ဆိုသည်မှာ ပိုင်ရှင်အား ရောင်းဝယ်လုပ်ကိုင်မှုဥပစာကို ငှါးသူက ဖြစ်စေ၊ ယင်းဥပစာကို ငှါးသူအား တဆင့်ငှါးသူကဖြစ်စေ ယင်း ဥပစာနှင့်စပ်လျဉ်း၍ တနှစ်အတွက် ပေးရမည့် ငှါးရမ်းခငွေကို ဆိုသည်။ အကယ်၍ အကြောင်းတခုခုကြောင့် ယင်းဥပစာအတွက်ငှါးရမ်းခပေးရခြင်းမရှိလျှင် အခြားအလားတူ ဥပစာများ၏ငှါးရမ်းခနှင့် သက်ဆိုင်ရာဥပစာ၏အခြေအနေကို အခြေပြု၍ ညှိနှိုင်းပြီး သတ်မှတ်သည့်ငှါးရမ်းခ ရနိုင်ငွေ ဖြစ်ရမည်။

သို့ရာတွင် နိုင်ငံတော်၏ ကုန်သွယ်ရေးနှင့် စီးပွားရေးသဘော သက်ဝင်သော လုပ်ငန်းကို လုပ်ကိုင်သည့် ကော်ပိုရေးရှင်း စသည့် အဖွဲ့အစည်းများကအသုံးပြုသော ရောင်းဝယ် လုပ်ကိုင်မှုဥပစာနှင့်စပ်လျဉ်း၍ 'တနှစ်အတွက်ငှါးခ' သည် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ပြည်တွင်း အခွန်များ ဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် ပြဋ္ဌာန်းသည့်အတိုင်းဖြစ်စေရမည်။"

(ဂ) ပုဒ်မခွဲ (၃) ကိုပယ်ဖျက်ရမည်။

# အခန်း (၄)

## စာပို့ခနှုန်းများ

၁၁။ မြန်မာနိုင်ငံ စာပို့တိုက် အက်ဥပဒေအရလည်းကောင်း၊ ၁၉၇၄ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရ-အသုံးဆိုင်ရာ ဥပဒေအရလည်းကောင်း ပြဋ္ဌာန်းထားသည့် စာပို့ခနှုန်းများကို ဇယား (၂)ပါ နှုန်းများအတိုင်း သတ်မှတ်လိုက်သည်။

# အပိုင်း ၄

## သုံးငွေများ

၁၂။ (က) နိုင်ငံတော်အာဏာပိုင် အဖွဲ့အစည်းများ၏ သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် အောက်ပါဇယား (၃)၊ (၄)၊ (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် အသုံးစရိတ်တို့ကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများအတွက် ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ် အသီးသီးသည် မိမိအား စီမံခန့်ခွဲရန်တာဝန်ပေးထားသည့်အသုံးစရိတ်များကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ဂ) အသုံးစရိတ်များကိုစီမံခန့်ခွဲရာတွင် ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဘဏ္ဍာရေး နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အပိုင်း ၅

## ငွေချေးယူခြင်း

၁၃။ (က) ၁၉၇၅ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၁၉၇၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် အတွင်း ကျပ်ငွေ၊ နိုင်ငံခြားငွေတို့ဖြင့် ပေါ်ပေါက်မည့် လိုငွေကို ချေးငွေဖြင့် ရှာဖွေဖြည့်တင်းနိုင်ရန်အတွက် ဝန်ကြီး အဖွဲ့ကိုယ်စား စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးက ဆောင်ရွက်ရန် လုပ်ပိုင်ခွင့် အပ်နှင်းသည်။

(ခ) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ချေးငွေဖြင့်ရှာဖွေဖြည့်တင်းရာ၌ ပုဒ်မခွဲ (က)တွင် ဖော်ပြသည့် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်း ဆောင်တာများ အတွက် ကျပ်နှစ်ရာ့ငါးဆယ်ကုဋေ ပမာဏထက် မပိုစေရ။

၁၄။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုငွေများဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၁၅။ စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးသည် စီးပွားရေး စီမံကိန်းပါ လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ၊ နိုင်ငံတော်က တာဝန်ယူသည့် ငွေချေးစာချုပ်များ၊ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းဖြင့်လည်းကောင်း မည်သူထံမှမဆို ငွေချေးယူနိုင်သည်။ ထိုသို့ ချေးငွေရယူသည့်အခါ မိမိသင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန်၊ သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၁၆။ ဝန်ကြီးအဖွဲ့သည် ချေးယူရရှိသည့်ငွေကို နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများသို့ သင့်လျော်သောစည်းကမ်းချက်များသတ်မှတ်၍ ပြန်လည်ထုတ်ချေးနိုင်သည်။

၁၇။ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းပါ လုပ်ငန်းစီမံချက်များ အတွက် ဖြစ်စေ၊ နိုင်ငံတော်၏ ရ-သုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ ဝန်ကြီးအဖွဲ့၏သဘောတူညီချက်ဖြင့် မည်သူ့ထံမှမဆို ငွေချေးယူနိုင်သည်။

၁၈။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးသည် ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

# ဇယား (၁)

## ဝင်ငွေခွန်နှုန်းများဇယား

### ပုဂ္ဂလိက ကဏ္ဍ

၁။ (က) လစာခေါင်းစဉ်မှ ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | |
|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၇ ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၀ ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၁၅ ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၂၅ ရာခိုင်နှုန်း |
| ၄၀၀၀၁ | နှင့်အထက် | | | ၃၀ ရာခိုင်နှုန်း |

(ခ) အတတ်ပညာ တရပ်ရပ်သည် တာရှည် တသမတ်တည်း အကျိုး ဖြစ်ထွန်းနိုင်ခြင်းမရှိဟု စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာနက သတ်မှတ်လျှင် ထိုအတတ်ပညာ လုပ်ငန်းမှ ဝင်ငွေ၊ ဥပမာ-နာမည်ကျော် အနုပညာရှင်များ၏ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | |
|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၀ ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၅ ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၂၅ ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၃၀ ရာခိုင်နှုန်း |
| ၄၀၀၀၁ | နှင့်အထက် | | | ၃၅ ရာခိုင်နှုန်း |

(ဂ) တာရှည် တသမတ်တည်း အကျိုးဖြစ်ထွန်းနိုင်ခြင်း မရှိဟု စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနကသတ်မှတ်သည့် အတတ်ပညာ လုပ်ငန်းမှအပ ကျန်အတတ်ပညာ လုပ်ငန်းမှဝင်ငွေ၊ ဥပမာ-သမတိ ရှည်ကြာသမျှ ဝင်ငွေကောင်းသည့် အတတ်ပညာရှင်များ၏ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | | |
|---|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ | ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၀ | ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၅ | ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၂၀ | ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၃၀ | ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၃၅ | ရာခိုင်နှုန်း |
| ၄၀၀၀၁ | နှင့် အထက် | | | ၄၀ | ရာခိုင်နှုန်း |

(ဃ) စီးပွားရေးလုပ်ငန်း၊ပစ္စည်းနှင့် ဝင်ငွေရလမ်းမပေါ်ပြသည့် ဝင်ငွေခေါင်းစဉ်တို့ ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | | |
|---|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ | ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၂ | ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၂၀ | ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၃၀ | ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၄၀ | ရာခိုင်နှုန်း |
| ၃၀၀၀၁ | နှင့် အထက် | | | ၅၀ | ရာခိုင်နှုန်း |

## ၂။ စုစုပေါင်းဝင်ငွေအပေါ် နောက်ထပ် စည်းကြပ်ရန်ဝင်ငွေခွန်နှုန်းများ——

ဤဇယား၏ပုဂ္ဂလိက ကဏ္ဍအပိုဒ် ၁ ပါနှုန်းများနှင့် သက်ဆိုင်သော ဝင်ငွေ စုစုပေါင်းသည် ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များမနုတ်မီ ကျပ် ၄၂၀၀၀ (ကျပ် လေးသောင်းနှစ်ထောင်) ထက်ပိုလျှင် ထိုပိုငွေအပေါ် အောက်ပါနှုန်းများဖြင့် နောက်ထပ်ဝင်ငွေခွန်စည်းကြပ်ရမည်—

| ကျပ် | | ကျပ် | |
|---|---|---|---|
| ၄၂၀၀၁ | မှ | ၇၅၀၀၀ ထိ | ၁၀ ရာခိုင်နှုန်း |
| ၇၅၀၀၁ | မှ | ၁၅၀၀၀၀ ထိ | ၂၀ ရာခိုင်နှုန်း |
| ၁၅၀၀၀၁ | မှ | ၃၀၀၀၀၀ ထိ | ၃၀ ရာခိုင်နှုန်း |
| ၃၀၀၀၀၁ | နှင့် အထက် | | ၄၅ ရာခိုင်နှုန်း |

## ၃။ ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များ မနုတ်မီ အခြေပစ္စည်းမှ မြတ်စွန်းငွေအပေါ်—

| ကျပ် | | ကျပ် | |
|---|---|---|---|
| ၁ | မှ | ၅၀၀၀ ထိ | မရှိ |
| ၅၀၀၁ | မှ | ၂၅၀၀၀ ထိ | ၂၀ ရာခိုင်နှုန်း |
| ၂၅၀၀၁ | မှ | ၁၀၀၀၀၀ ထိ | ၃၀ ရာခိုင်နှုန်း |
| ၁၀၀၀၀၁ | နှင့် အထက် | | ၄၀ ရာခိုင်နှုန်း |

**ရှင်းလင်းချက်။** ။ဝင်ငွေခွန် ဥပဒေပုဒ်မ ၁၃ အရ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေပေါင်းသည်ကျပ် ငါးထောင်ထက် ပိုမိုသည့်အခါမှ အခွန် ထမ်းဆောင်ရမည်ဖြစ်၍ တစ်ကျပ်မှ ကျပ်ငါးထောင်အထိ စည်းကြပ်ရန် နှုန်းမရှိဟု ပေါ်ပြခြင်းဖြစ်သည်။

၄။ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီ ပြည်ပနေ နိုင်ငံသား၏ ပြည်ပစုစုပေါင်းဝင်ငွေအပေါ် ၁၀ ရာခိုင်နှုန်း။

၅။ နိုင်ငံခြားသားတဦးသည် နိုင်ငံတော်၏၊ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်း၊ လုပ်ငန်း၊ သို့မဟုတ် လုပ်ဆောင်မှု တရပ်ရပ်၌ သက်ဆိုင်ရာဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင် ဆောင်ရွက်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီ ထိုသူရရှိသော စုစုပေါင်းဝင်ငွေ အပေါ် ၂၅ ရာခိုင်နှုန်း။

၆။ နိုင်ငံခြားတွင်ဖွဲ့စည်းထားသော ပုဂ္ဂိုလ်စုတခုသည် နိုင်ငံတော်၏၊ သို့မဟုတ် နိုင်ငံတော်က ကမကထပြုသော စီမံကိန်း၊ လုပ်ငန်း၊ သို့မဟုတ် လုပ်ဆောင်မှုတရပ်ရပ်၌ သက်ဆိုင်ရာ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် ပါဝင်ဆောင်ရွက်လျှင် ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဝင်ငွေခွန်ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီထိုပုဂ္ဂိုလ်စု ရရှိသောစုစုပေါင်းဝင်ငွေအပေါ် ၄၀ ရာခိုင်နှုန်း။

၇။ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ၊သက်သာခွင့်များမနုတ်မီ ပြည်ပနေ နိုင်ငံခြားသားတဦး၏ စုစုပေါင်း ဝင်ငွေအပေါ် ၆၀ ရာခိုင်နှုန်း။

သို့သော် အထက်အပိုဒ်များပါနှုန်းများအနက် သက်ဆိုင် သည့်နှုန်း၊သို့မဟုတ် နှုန်းများဖြင့် ဝင်ငွေခွန်တွက်၍ ထိုသို့ တွက် ယူရရှိသောဝင်ငွေခွန်သည် ယင်း ၆၀ ရာခိုင်နှုန်းဖြင့်တွက်၍ရသည် ထက်များလျှင် များရာဝင်ငွေခွန်ကိုပေးဆောင်ရမည်။

## သမဝါယမကဏ္ဍ

၁၉၇၀ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေအရ၊ ဖွဲ့စည်းထားသည့် သမဝါယမအသင်း၏ စုစုပေါင်း ဝင်ငွေအတွက်—

| ကျပ် | | ကျပ် | | |
|---|---|---|---|---|
| ၁ | မှ | ၅၀၀၀ | ထိ | ၄ ရာခိုင်နှုန်း |
| ၅၀၀၁ | မှ | ၁၀၀၀၀ | ထိ | ၁၀ ရာခိုင်နှုန်း |
| ၁၀၀၀၁ | မှ | ၁၅၀၀၀ | ထိ | ၁၅ ရာခိုင်နှုန်း |
| ၁၅၀၀၁ | မှ | ၂၀၀၀၀ | ထိ | ၂၀ ရာခိုင်နှုန်း |
| ၂၀၀၀၁ | မှ | ၃၀၀၀၀ | ထိ | ၂၅ ရာခိုင်နှုန်း |
| ၃၀၀၀၁ | မှ | ၄၀၀၀၀ | ထိ | ၃၀ ရာခိုင်နှုန်း |
| ၄၀၀၀၁ | မှ | ၅၀၀၀၀ | ထိ | ၃၅ ရာခိုင်နှုန်း |
| ၅၀၀၀၁ | မှ | ၆၀၀၀၀ | ထိ | ၄၀ ရာခိုင်နှုန်း |
| ၆၀၀၀၁ | မှ | ၁၀၀၀၀၀ | ထိ | ၅၀ ရာခိုင်နှုန်း |
| ၁၀၀၀၀၁ | နှင့် အထက် | | | ၆၀ ရာခိုင်နှုန်း |

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများကဏ္ဍ

ဝင်ငွေခွန်ဥပဒေ၌ မည်သို့ပင်ပါရှိစေကာမူ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေး သဘော သက်ရောက်သော လုပ်ငန်းတရပ်ရပ် လုပ်ကိုင်သည့် ကော်ပိုရေးရှင်းစသည့် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ၏(ဝင်ငွေခွန် ဥပဒေပုဒ်မ ၆ အရ၊ သက်သာခွင့်များမနုတ်မီ) စုစုပေါင်း ဝင်ငွေအပေါ် ၅၀ ရာခိုင်နှုန်း။

## စည်းကြပ်ထိုက်သောဝင်ငွေသတ်မှတ်ခြင်း

ဤဇယား၏ ပုဂ္ဂလိက ကဏ္ဍအပိုဒ် ၁ နှင့် သမဝါယမကဏ္ဍတို့အတွက်—

(က) စုစုပေါင်း ဝင်ငွေ ကျပ် ၄၂၀၀ (ကျပ် လေးထောင်နှစ်ရာ) ထက်မပိုလျှင် ဝင်ငွေခွန်မပေးဆောင်ရ၊

(ခ) စုစုပေါင်းဝင်ငွေသည် ကျပ် ၄၂၀၀(ကျပ်လေးထောင်နှစ်ရာ) ထက်ပိုသော်လည်း ပမာဏမကြီးမားသည့်ကိစ္စတွင် ဝင်ငွေခွန် စည်းကြပ်ရာ၌ မျှတမှုရှိ၍ တာဝန်မကြီးလေးစေရန် လိုအပ်မည့် အထူးတွက်ချက်နည်းများကို စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ပြည်တွင်းအခွန်များ ဦးစီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ကျေညာနိုင်သည်။

# ဇယား (၂)

## မြန်မာနိုင်ငံ စာပို့တိုက်အက်ဥပဒေတွင် ထည့်သွင်းရမည့်ဇယား

[ပုဒ်မ ၁၁ ကြည့်]

### ချောစာများ

ပြား

ပဌမ ၅ အောင်စထက်မပိုလျှင် .... .... .... ၁၅

နောက်ထပ် ၅ အောင်စ တိုင်း၊ သို့မဟုတ် ယင်း၏ အစိတ်အပိုင်း .... ၁၀

### စာပို့ကဒ်များ

တစောင် .... .... .... .... ၁၀

### ပုံနှိပ်စာရွက်စာတမ်းများ

ပဌမ ၂ အောင်စထက်မပိုလျှင် .... .... .... ၁၀

နောက်ထပ် ၁ အောင်စတိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း .... ၀၅

### မှတ်ပုံတင်ပြီးသတင်းစာများ

၄ အောင်စတိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း .... .... ၀၅

### ချောထုပ်များ (မှတ်ပုံတင်၍ပေးပို့ရမည်)

၁ ပေါင်တိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း .... .... ၅၀

### နိုင်ငံတွင်း စာပို့ကဒ်များ၊ ချောစာများနှင့် ငွေပို့လွှာများအတွက် နောက်ထပ် လေကြောင်းစာပို့ခများ

စာပို့ကဒ်တစောင် .... .... .... ၀၅

ချောစာ ၅ အောင်စ တိုင်း၊ သို့မဟုတ် ယင်း၏အစိတ်အပိုင်း .... ၀၅

ငွေပို့လွှာတစောင် .... .... .... ၁၅